# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၂/၂၀၁၀)

## ၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

## (၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းဆေးကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) တိုင်းရင်းဆေးပညာ ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒ နယ၊ ဝိဇ္ဇာဓရနယတည်းဟူသော နယကြီး(၄)ပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်သော သက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ကို ဆိုလိုသည်။

(ခ) ကောင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းရင်းဆေး ကောင်စီကို ဆိုသည်။

(ဂ) ကောင်စီဝင် ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းရင်းဆေး ကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်သူ တစ်ဦးဦးကို ဆိုသည်။

(ဃ) တိုင်းရင်းဆေးဆရာ ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော တိုင်းရင်းဆေးပညာတတ်ကျွမ်းသူ တစ်ဦးဦးကို ဆိုသည်။

(င) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခွင့် ရရှိသူအား ကောင်စီက ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) တိုင်းရင်းဆေးဆရာများ စုစည်း၍ တိုင်းရင်းဆေးပညာ တစ်ရပ်ရပ်ကို အသုံးချပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်၊

(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစေရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးပညာခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေးအတွက် ဆောင်ရွက်နိုင်ရန်။

(ဃ) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

## အခန်း(၃)

## တိုင်းရင်းဆေးကောင်စီဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းရမည်။

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
တိုင်းရင်းဆေးပညာဦးစီးဌာန

(ခ) ကျန်းမာရေးဝန်ကြီးဌာန အဖွဲ့ဝင်
တာဝန်ပေးအပ်သည့်တိုင်းရင်းဆေးဆရာ ၄ ဦး

(ဂ) တိုင်းရင်းဆေးဆရာများက မိမိတို့ အဖွဲ့ဝင်
အနက်မှ ရွေးချယ်တင်မြှောက်သူ ၅ ဦး

(ဃ) ကျန်းမာရေးဝန်ကြီးဌာနက တာဝန် အတွင်းရေးမှူး
ပေးအပ်သည့်အရာရှိ

၅။ ကောင်စီသည် ကောင်စီဝင် တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် အတွင်းရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၆။ (က) ကောင်စီဝင်၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ခ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌမှအပ ကျန်ကောင်စီဝင်များ၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိ ကောင်စီဝင် အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ-

(၁) ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ကောင်စီဝင်နေရာဖြစ်လျှင် ယင်းဝန်ကြီးဌာနက အစားထိုး တာဝန်ပေးအပ်ရမည်။

(၂) တိုင်းရင်းဆေးဆရာများက ရွေးချယ်တင်မြှောက်သည့်ကောင်စီဝင်နေရာဖြစ်လျှင် ယင်းတို့က အစားထိုးရွေးချယ် တင်မြှောက်ရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ အစားထိုးတာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ယင်းကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

၇။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်ကြိမ်လျှင် (၄) နှစ် ဖြစ်သည်။

(ခ) ကောင်စီ၏ သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီအသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကောင်စီ၏အစည်းအဝေးကျင်းပခြင်းဆိုင်ရာကိစ္စရပ်များနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

၉။ ကောင်စီသည်စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင်တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း(၄)

## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း။

(ခ) တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးများ သတ်မှတ်ခြင်း။

(ဂ) တိုင်းရင်းဆေးဆရာအဖြစ် လိုက်နာရမည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို သတ်မှတ်ခြင်း။

(ဃ) ကျင့်ဝတ်နှင့် စည်းကမ်းကို ဖောက်ဖျက်သော တိုင်းရင်းဆေးဆရာများအား အရေးယူခြင်း။

(င) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများ သုတေသနပြုရေးများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း။

(စ) နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ ကုသသောဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း။

(ဆ) တိုင်းရင်းဆေးပညာခေတ်မီတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်နွယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း။

(ဇ) ကောင်စီက ပေးအပ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သောကော်မတီများ၏ အဖွဲ့များကိုဖွဲ့စည်း၍ ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

**အခန်း(၅)**

**တိုင်းရင်းဆေးဆရာအဖြစ်မှတ်ပုံတင်ခြင်း**

၁၁။ အောက်ပါအရည်အချင်း တစ်ရပ်ရပ်နှင့် ကိုက်ညီသူသည် တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင် ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်-

(က) တိုင်းရင်းဆေးသိပ္ပံ သို့မဟုတ် တိုင်းရင်းဆေး တက္ကသိုလ်မှ အောင်မြင်သူ၊

(ခ) တိုင်းရင်းဆေးပညာဦးစီးဌာနက ဖွင့်လှစ်သည့် တိုင်းရင်းဆေးဆရာဖြစ် သင်တန်း တက်ရောက်အောင်မြင်သူ၊

(ဂ) တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့က သို့မဟုတ် တိုင်းရင်းဆေးပညာဦးစီးဌာနက ကျင်းပ ပြုလုပ်သည့် အရည်ချင်းစစ်စာမေးပွဲအောင်မြင်သူ၊

(ဃ) ကောင်စီ၏စိစစ်ချက်အရ တိုင်းရင်းဆေးဆရာဖြစ်ထိုက်သည့် အရည်အချင်း ပြည့်မီသည် ဟု သတ်မှတ်ခြင်းခံရသူ၊

၁၂။ ကောင်စီသည် ပုဒ်မ (၁၁) အရ လျှောက်ထားချက်ကို စိစစ်၍သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကိုပေးသွင်းစေပြီး လျှောက်ထား သူ အား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

## အခန်း(၆)

## တိုင်းရင်းဆေးဆရာ၏တာဝန်နှင့်ရပိုင်ခွင့်များ

၁၃။ တိုင်းရင်းဆေးဆရာသည်-

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့်ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

၁၄။ တိုင်းရင်းဆေးဆရာသည်-

(က) ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံနိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခွင့်များရှိသည်။

(ခ) တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း(၇)

## ကျန်းမာရေးဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များ

၁၅။ ကျန်းမာရေးဝန်ကြီးဌာနသည်-

(က) တိုင်းရင်းဆေးပညာဦးစီးဌာနမှ အရာထမ်းတစ်ဦးဦးအား ဤဥပဒေအလို့ငှာ မှတ်ပုံတင်အရာရှိ အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၆။ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့် လက်မှတ် ထုတ်ပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးပညာဦးစီးဌာနသို့ တာဝန်ပေးအပ်နိုင်သည်။

## အခန်း(၈)

## အရေးယူခြင်း

၁၇။ (က) ကောင်စီသည် ပုဒ်မ (၁၃) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စွပ်စွဲခံရသော တိုင်းရင်းဆေးဆရာအား စုံစမ်းစစ်ဆေးနိုင်ရန် အဖွဲ့ဝင် ၃ ဦးပါသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့တွင် ကောင်စီဝင် အနည်းဆုံး တစ်ဦး ပါဝင်စေရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိစုံစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီသို့ တင်ပြရမည်။

၁၈။ ကောင်စီသည် ပုဒ်မ (၁၇) ပုဒ်မခွဲ (ခ) အရ မိမိထံတင်ပြသော အစီရင်ခံစာကို စိစစ်ပြီး စွပ်စွဲခံရသော တိုင်းရင်းဆေးဆရာသည်-

(က) အပြစ်မရှိကြောင်းတွေ့ရှိရပါက အမှုတွဲပိတ်သိမ်းကြောင်း အမိန့်ချမှတ်ရမည်။

(ခ) အပြစ်ရှိကြောင်းတွေ့ရှိရပါက အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာပြစ်ဒဏ် တစ်ရပ်ရပ် ကို ချမှတ်ရမည်-

(၁) သတိပေးခြင်း

(၂) မှတ်ပုံတင်လက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း

(၃) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း

၁၉။ ကောင်စီကသတ်မှတ်သော အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော တိုင်းရင်းဆေးဆရာအား ကောင်စီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ရမည်။

(က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့် အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

၂၀။ (က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ခံရသူသည် ယင်းကာလကုန်ဆုံးသောအခါ မှတ်ပုံတင်လက်မှတ်ပြန်လည်ရရှိလိုလျှင် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

## အခန်း(၉)

## အယူခံခြင်း

၂၁။ (က) ကောင်စီကချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀)အတွင်း ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးထံအယူခံဝင်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၀)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၂၂။ မည်သူမျှ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် မရရှိဘဲပုဂ္ဂလိက အကျိုးစီးပွားအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့်ရယူ၍ ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၂၃။ မည်သူမျှ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသည့် ဆေးကုသခွင့် လက်မှတ်မရှိဘဲ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကိုအသုံးပြု၍ ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၂၄။ မည်သူမဆို–

(က) ပုဒ်မ (၂၂) သို့မဟုတ် ပုဒ်မ (၂၃) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ်(၁)နှစ် ထိ ဖြစ်စေ၊ ငွေဒဏ် နှစ်ရပ်လုံးဖြစ် စေ ချမှတ်ရမည်။ (ငွေဒဏ်ကျပ်တစ်သိန်း ထိ)

(ခ) ပုဒ်မခွဲ (က)အရ ပြစ်မှုထင်ရှားခံရပြီးနောက် သက်ဆိုင်ရာပြစ်မှုပါ ပြဋ္ဌာန်း ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁) နှစ်မှ အများဆုံးထောင်ဒဏ် ၅ နှစ် ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

## အခန်း(၁၁)

## အထွေထွေ

၂၅။ တိုင်းရင်းဆေးပညာဦးစီးဌာနသည် နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်လက်မှတ် ထုတ်ပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ တိုင်းရင်းဆေးပညာဦးစီးဌာနသည် –

(က) ကောင်င်စီ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၂၇။ တိုင်းရင်းဆေးဆရာတစ်ဦးဦး သေဆုံးလျှင်ဖြစ်စေ၊ ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်း မရှိတော့လျှင်ဖြစ်စေ ၎င်း၏ မိသားစုဝင်တစ်ဦးဦးသည် ကောင်စီသို့ စာဖြင့် အသိပေးအကြောင်းကြားရမည်။

၂၈။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားဆွဲဆိုရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၂၉။ ၁၃၈(၁၉၅၃)ခုနှစ်၊ တိုင်းရင်းဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မအရ–

(က) ထုတ်ပြန်ခဲ့သောအမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

(ခ) ဖွဲ့စည်းထားသော တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့သည် ဤဥပဒေအရ တိုင်းရင်းဆေးကောင်စီဖွဲ့စည်းခြင်းမပြုမီ ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက် ဆောင်ရွက်ခွင့် ရှိသည်။

၃၀။ ဤဥပဒေပါ ပြဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်–

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ ကောင်စီနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၁။ ၁၃၁၅(၁၉၅၃)ခုနှစ်၊တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## မှတ်ပုံတင် တိုင်းရင်းဆေးသမားတော်များအတွက် ကျင့်ဝတ်များ

(က) **တိုင်းရင်းဆေးသမားတော်တာဝန်ကို ထမ်းဆောင်သူများ မချိုးမဖောက် လိုက်နာရမည့် စည်းကမ်းများ**

(၁) သက်ကြည့်ဗေဒင်၊ တက်မြော်မြင်လျက်၊ ဆင်ခြင်ထောက်ရှု၊ ဆေးကုလိမ္မာ၊ ဆေးစာ မြားမြောင်၊ ကျမ်းစောင်စောင်ကို၊ တတ်ခေါင်တွင်ကျယ်၊ ချစ်ဖွယ်ရှိခြင်း၊ သီတင်းဖြူစင်၊ ကျင့်စုံလင်အံ့၊ ဟူသော ရာဇနီတိကျမ်းလာ နရသုခိ ဆရာကြီး၏ ဆုံးမသြဝါဒအတိုင်း တိုင်းရင်းသမားတော်များသည် မိမိ၏ သိက္ခာကို ခါးဝတ်ပုဆိုးသဖွယ် စောင့်စည်း ထိန်းသိမ်းရမည်။

(၂) သေသပ်စွာ ဝတ်စားဆင်ယင်၍ သန့်ရှင်းစင်ကြယ်စွာ နေထိုင်ကြရမည်။ ပြောဆို ဆက်ဆံရာတွင် ရည်မွန်ညင်သာ၍ နာခံလိုဖွယ်ရှိရမည်။ အဆုံးအဖြတ်ပြုရာ၌ကား တည်ကြည်ပြတ်သားမှုရှိရမည်။

(၃) ဂီလာနများအား ဆက်ဆံရာ၌ မိမိ၏ဆွေမျိုးသားချင်းများကို ပြုစုကူညီ စောင့်ရှောက်ခြင်း ပြုသကဲ့သို့ ဆက်ဆံကူညီရမည်။

(၄) မိမိ၏ ပညာအတိမ်အနက်ကို အစဉ်အမြဲသတိပြုလျက် ဆေးကုသမှု အတွေ့အကြုံများ အမှားအမှန်တို့ကို ဝေဖန်ပိုင်းခြားမှုပြုရမည်။

(၅) **ပညာရှိကို ကမ္ဘာက ပညာပေး၏** ဟူသော ဆောင်ပုဒ်ကဲ့သို့ ပြောင်မြောက်သော သမားကောင်းတစ်ယောက်ဖြစ်ရန် အခြားသမားကောင်းတို့၏ အတွေ့အကြုံများကို အခါမလပ် လေ့လာမှတ်သားရမည်။

(၆) မိမိ၏ ဆေးပညာ ထွန်းပြောင်အောင်မြင်စေရန် အဘက်ဘက်မှ လေ့လာမှတ်သားမှုများ ကို အစဉ်ပြုနေရမည်။

## (ခ) **သမားကောင်းတို့၏ ကျင့်စဉ်**

(၁) မှတ်ပုံတင်ပြီးသည့် တိုင်းရင်းဆေးသမားတော်များသည် နိုင်ငံ့သားကောင်းတစ်ယောက်အဖြစ် လိုက်နာအပ်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာရန်တာဝန်ရှိသည့်အပြင် ပြည်သူတို့အတွင်း ကပ်ရောဂါများနှင့် ကူးစက်ရောဂါများ ဖြစ်ပွားနေခြင်းကို သိသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာတာဝန်ရှိသူများအား သတင်းဦးပေးပို့ရမည်။

(၂) မှတ်ပုံတင်ပြီး သမားတော်တစ်ဦးသည် မှတ်ပုံမတင်ရသေးသော ဆေးဆရာများနှင့် ဆေး◌ါးလုပ်ငန်းများအတွက် နီးနှောဆက်သွယ်မှုများမပြုလုပ်ရ။

(၃) မိမိတာဝန်ယူ လက်ခံကုသသော လူနာအား အချိန်မှန်မှန်ကြည့်ရှုကုသပေးရမည်။ (လူနာ၏ရောဂါအခြေအနေကို သက်ဆိုင်သူများအား ထုတ်ဖော်ပြောပြ ရန်မှာ ဆရာဝန်၏ စဉ်းစားချိန်ဆမှုပေါ်တွင်သာ တည်ပေသည်)။

(၄) ဆရာနှင့်လူနာ ဆေး◌ါးကုသရာ၌ သဘောခြင်းတိုက်ဆိုင်မှုမရှိပါက လူနာရှင်ပုဂ္ဂိုလ် တစ်ဦးဦးအား အခြေနေမှန်ကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆို နိုင်သည်။ လူနာတွင် ဆရာပြောင်းလဲကုသခွင့်ရှိစေရမည်။

(၅) လူနာတစ်ဦးအား ဆေး◌ါးလက်ခံကုသမှုသည် လူနာရှင်က ရပ်တန့်လိုသည့်အခါ ကုန်ဆုံးသည်ဟု သတ်မှတ်ရမည်။ သို့မဟုတ်ပါက ဆရာဖြစ်သူက အခြားသင့်တော်သူ တစ်ဦးဦးလက်သို့အပ်ပြီးသည့် အချိန်ထိ တာဝန်ရှိသည်။

(၆) လက်ခံကုသသော ဆရာ၏ ညွှန်ကြားချက်အရ အခြားဆေးဆရာ တစ်ဦးအား ခေါ်ယူပြသသည့်အခါ လက်ခံရမည့်ဆရာ သိရှိနိုင်ရန် ပထမဆရာက ရောဂါ အခြေအနေနှင့် ဆေးချက်ချခဲ့ပုံတို့ကို သေချာစွာ ရေးသားဖော်ပြပေးထားရမည်။

(၇) ဆေးဆရာတစ်ဦးသည် တိုင်းရင်းဆေးဆရာနှင့် ၄င်း၏ ဇနီး၊ သား/ သမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ မိမိအားပညာသင်ကြားပေးသော ဆရာသမားများ၊ မိတ်ဆွေသင်္ဂဟများ၊ မိတဆိုး၊ ဖတဆိုးများနှင့် ဆေးကျောင်းသားအစရှိသည် တို့ကို အခမဲ့ကြည့်ရှု ပြုစုပေးရသည်မှာ ရနိုင်ခဲ့သော အခွင့်အရေးတစ်ခုဖြစ်၏။ ၄င်းတို့အား ကြည်ဖြူစွာ ကြည့်ရှုကုသပေးရမည်။

(၈) တစ်ဦးတစ်ယောက်အား လူနာရှာပေးခအဖြစ် ကော်မရှင်နှုန်းဖြင့်သော် လည်းကောင်း၊ လူနာထံမှ ရရှိငွေထဲမှသော်လည်းကောင်း၊ ပေးကမ်းရန် အားထုတ်ခြင်း၊ အတိုင်အဖေါက်ပြုလုပ်ခြင်းမျိုး လုံးဝမပြုလုပ်ရ။

(၉) ခြေကြွခနှုန်းနှင့် ဆေးဘိုးကျသင့်ငွေကို လူသိရှင်ကြားဈေးနှုန်းများ ဖော်ထုတ် ရေးသားခြင်း ရှောင်ရှားရမည်။ ဈေးနှုန်းအတိအကျ မရှိလင့် ကစား ဆေးဆရာ၏ ပင်ကိုယ်အဆုံးအဖြတ်တိုင်း လျော့ချတောင်းဆိုခွင့် ရှိသည်။

(၁၀) လူနာနှင့်ပတ်သက်သည့် ကိုယ်ရေးလျှို့ဝှက်ချက်များကို ထိန်းသိမ်း ရမည်။

(က) သို့သော်လူနာ၏ ခွင့်ပြုချက်ရလျှင်လူနာနှင့် ပတ်သက်သည့် အကြောင်းအရာတို့ကို တရားရုံး၌ ထုတ်ဖော်နိုင်ခွင့်ရှိသည်။ တရားရေးရှေ့နေတို့၏အမေးမြန်းချက်ကို ဖြေဆိုလိုမှ ဖြေဆိုနိုင်သည်။

(ခ) မိမိအလိုအလျောက်လူနာနှင့်ပတ်သက်သည့်မည်သည့် လျှို့ဝှက်ချက်များကို မဆို တရားရုံး၌ သက်သေထွက်ဆို ခြင်းမျိုးကို မပြုလုပ်ရ။

(၁၁) ကာယကံရှင်ဂီလာနအား လက်ခံကုသနေစဉ် ဆေးကုသချက် အောင်မြင်မှု မရှိသည့် အတွက် ရှောင်တိမ်းသွားခြင်း အလျင်းမပြုလုပ်ရ။ သို့သော် အောက်ပါ ချွင်းချက်များဖြင့် လူနာအား လက်ခံကုသနေခြင်းမှ ရပ်ဆိုင်းနိုင်ခွင့်ရှိသည်။

(က) မိမိအပြင် အခြားဆေးဆရာတစ်ဦးက ရောပြွန်းကုသနေသည်ကို တွေ့မြင် သိရှိရခြင်း။

(ခ) မိမိပေးထားသော ဆေးချက်အပြင် အခြားသောဆေးဝါးများကို စားသောက်မှီဲနေသည်ကို မြင်ခြင်း၊

(ဂ) မိမိပေးထားသော ဆေးါးများကို မှီဝဲရန်ငြင်းဆိုခြင်း၊

(ဃ) မလိုလားအပ်သောစွဲလန်းတတ်သော သို့မဟုတ် ဆေးါးဥပါဒ် ဖြစ်စေတတ်သော ဘိန်း၊ အရက်၊ အိပ်ဆေး၊ စသည်တို့ကို အလွဲသုံးစား ပြုလိုကြောင်း လူနာက အစဉ်တောင်းဆိုလာခြင်း၊

(၁၂) သမားတော်တစ်ဦးသည် မိမိ၏ အမည်၊ ဘွဲ့၊ ရာထူး၊ စသည်တို့ကို ဖော်ပြရာတွင် သင်တန်းစာမေးပွဲများ၌ ရရှိခဲ့သော ဂုဏ်ထူးရ ဘာသာ များကို ထည့်သွင်း၍လည်းကောင်း၊ လိုအပ်သည်ထက် လွန်ကဲ၍ လည်းကောင်း ဖော်ပြခြင်းမပြုရ၊ အမည်ဆိုင်းပုဒ်ကိုလည်း ထားရှိသင့်သည့် အရွယ်အစားထက် ကြီးမားစွာ ဖော်ပြကာ လူမြင်း ကွင်း၌ ချိတ်ဆွဲကြော်ညာခြင်းမပြုလုပ်ရ။

(၁၃) မွန်မြတ်လှသော ဆေးဆရာတို့၏ ဂုဏ်သိက္ခာကို အစဉ်အမြဲထိန်းသိမ်းရန် လိုအပ်လှသည့်အတိုင်း ဆေးဆရာတစ်ဦး၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေနိုင်သော အောက်ပါပြုမူဆောင်ရွက်ချက်များကို ရှောင်ကြဉ်ရမည်–

(က) လက်ဆင့်ကမ်းကြော်ငြာစာများဖြင့် သော်လည်းကောင်း၊ လူကိုယ်တိုင် မိမိသည် လူနာများကို မည်သည့်နေ့၊ မည်သည့်နေရာစသည်တို့တွင် မည်သို့ဆက်လက်၍ ဆေးကုသပေးနေသည် စသည်တို့ဖြင့် ကြော်ညာခြင်း။

(ခ) ဆေးစွမ်းကောင်းများဟု အမည်တပ်ကာ လျှို့ဝှက်ရောင်းဝယ် အမြတ် ထုတ်ခြင်း၊

(ဂ) ဆေး ါးဖော်စပ်ရောင်းချသူများ၊ ကိရိယာတန်ဆာပလာ ရောင်းချသူများနှင့် အဆက်အသွယ်ပြုလုပ်ပြီး ယင်းပစ္စည်း ရောင်းချ ရသည့် ငွေအပေါ် တွင် အချိုးကျ အမြတ်ခွဲ ယူခြင်း၊

(ဃ) ဆေး ါးကုသရာ၌ အောင်မြင်ကြောင်း ဆေးလက်မှတ်များကို သော် လည်းကောင်း၊ လူနာထံမှကျေးဇူးတင်လွှာများကို ဖော်ပြ၍သော် လည်းကောင်း (ဆေးပညာဆိုင်ရာ စာစောင်များမှ အပ) အခြား သတင်းစာများ၌ ထည့်သွင်းဖော်ပြ ကြေငြာခြင်း၊

(င) တိုင်းရင်းဆေးကောင်စီ ဥပဒေအရ အသိအမှတ်ပြုခြင်း မခံရသူ တစ်ဦးဦး အား အကာအကွယ်ပေးခြင်း၊

(စ) မပျောက်လျှင် ငွေမပေးစတမ်း ဟုအပေးအယူ၊ အလောင်းအစား သဘောမျိုးဖြင့် လူနာအားဆေးကုသခြင်း၊

(ဆ) မတရားသောနည်းဖြင့် ဆေး ါးကုသမှုပြုခြင်း၊ မိမိမကျွမ်းကျင် သော အတတ်ကို တတ်ဟန်ဆောင်၍ ဆေး ါးကုသသည့်အမှုမျိုး ကို ပြုလုပ်ခြင်း၊

(ဂ) **အရေးပေါ်လူနာများအားကုသပေးခြင်း**

(၁) အရေးပေါ်၌ အခြားဆရာတစ်ဦးဦးက ကြည့်ရှုထားသော လူနာတစ်ဦးပင် ဖြစ်စေ လူမှုရေးအရ မလွဲမသွေကူညီပြုစုရမည်ဆိုသည့် အချက်ကို နှလုံး ပိုက်ထားရမည်။ (ကြည့်ပေးရပါက သင့်လျော်သော ဥာဏ်ပူဇော်ခကို ရနိုင် ခွင့်ရှိသည်။)

(၂) အသက်ကိုလု၍ အရေးပေါ်ကုသရမည့်အချိန်အခါမျိုး၌ ရရာပစ္စည်းများကို အချိန် လစ်ဟင်းမှုမရှိစေဘဲ ကျင်လည်စွာအသုံးချကာ အသက်တစ်ချောင်းကို ကယ်တင်ရမည်။ (အရေးပေါ်ကိစ္စရပ်ဆိုသည်မှာ မီးလောင်၍ ငြိမ်းသတ် သည့်အခါ အသုံးပြုသည့် စွမ်းရည်မျိုးရှိအပ်သည်ဟု သုသုတကျမ်း ကဆိုထားသည်။ အရေးပေါ် ကိစ္စရပ်များတွင် လူနာ၏အခြေနေမှန်ကို ဂီလာန ၏ သားချင်းများအား ကြိုတင် အသိပေးထားရမည်။

(ဃ) (၁) ရာဇဝတ်မှု အကျုံးဝင်သော လူနာများအား မိမိတို့၏ သီးခြားဆေးကုခန်း၌ မကုသရ။ သို့သော် အရေးပေါ်ကိစ္စရပ်များ၌ လူနာသက်သာမှုရှိစေရန် ပြုလုပ် ပေးရမည်။ ထို့နောက် သင့်တော်သော အစိုးရဆေးပေးခန်း၊ ဆေးရုံစသည်တို့သို့ မိမိတွေ့ရှိချက်နှင့်အတူ လူနာအား အသိပေးရမည်။ ယင်းဆေးမှတ်တမ်း မိတ္တူ တစ်စောင်ကို မိမိထံတွင် မိတ္တူတစ်ခု သိမ်းဆည်းထားရမည်။

(၂) သာမန်အားဖြင့်လူမှုရေးအရ ဆေးဝါးအကူအညီများပေးရန် ငြင်းဆိုခြင်း မပြုအပ်သော်လည်း၊ အသက်ငင်နေသူ၊အ ကျင့်စာရိတ္တမကောင်းသူ၊ ဆိုးသွမ်းယုတ်မာသူ၊ ပြည်သူ့အကျိုးဆိုးယုတ်စေမှုကို ရှေ့ရှုအားထုတ်သူ၊ လူ့ကျင့်ဝတ် သိက္ခာစောင့်စည်းခြင်း မရှိသူတို့ကို ဆေးမကုစားထိုက်ပေဟု **စရက** ကဆိုသည့်အတိုင်း လိုက်နာရမည်။

(c) **လူနာ၏နေအိမ်တွင် လိုက်နာအပ်သည့်စည်းကမ်း**

မွန်မြတ်သောဆေးသမားများ၏သိက္ခာကို လေးစားသော ဆေးပညာရှင်တစ်ဦးသည် ကာယကံရှင်၏ ပင့်ဖိတ်မှုမရှိဘဲ လူနာ၏နေအိမ်သို့မသွားရ။ လူနာရှင်၏ ခွင့်ပြုချက်၊ ပင့်ဖိတ်ချက်အရသာ နေအိမ်သို့လိုက်ပါ၍ ရောဂါနှင့်ပတ်သက်ရာတို့ကိုသာ မေးမြန်းပြုစု ကုသပေးရမည်။ တာဝန်ရှိ အုပ်ထိန်းသူများမသိဘဲ လူနာကပေးကမ်း ပူဇော်သည်တို့ကို လက်ခံရယူခြင်း များ မပြုရ။ အမျိုးသမီး ဂီလာနများ ဆေးဝါးကုသသည့်အခါ အမျိုးသမီးများ အဖော်တစ်ဦးကို အနီးတွင် အမြဲထားရှိရမည်။

DTM